Sagaing People's Defence Force

# ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် ၁၁/၂၀၂၁

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်။

မြန်မာနိုင်ငံတွင် ၁၉၆၂ခုနှစ်၊ မတ်လ(၂) ရက်နေ့မှစ၍ စစ်အာဏာရှင်စနစ် စတင်ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အချိန်အထိ စစ်အာဏာရှင်များသည် လူထုအပေါ် ဗိုလ်ကျ စိုးမိုးနိုင်ရန် တိုင်းပြည်အတွင်းရှိ မြေပေါ်မြေအောက် သယံဇာတများကို လက်ဝါးကြီးအုပ် ဂုတ်သွေးစုတ်ရုံတင် အားမရဘဲ တိုင်းပြည်၏ စီးပွားရေးတစ်ရပ်လုံးကို ချုပ်ကိုင်နိုင်ရန် ဦးပိုင်ကုမ္ပဏီကဲ့သို့ ကုမ္ပဏီများ အမြောက်အများတည်ထောင်ပြီး မြန်မာနိုင်ငံ၏ (၆၀) ရာခိုင်နှုန်းသော စီးပွားရေးတစ်ရပ်လုံးကို လွှမ်းမိုးချုပ်ကိုင်ထားခဲ့သည်။ သို့သော် စစ်ဗိုလ်ချုပ်များက မြန်မာပြည်သူလူထုအများစုအပေါ် စီးပွားရေးအရ ချုပ်ကိုင်ပြီး လက်ဝါးကြီးအုပ် လွှမ်းမိုးနိုင်ရန် ကြိုးစားနေသည်ကို မသိရှိကြပေ။ ထိုသို့ စစ်တပ်စီးပွားရေး အားကောင်းနေသမျှ မြန်မာပြည်သူလူထုအား မြွေပွေးခါးပိုက်ပိုက်သည့်ပမာ လူထုပိုက်ဆံနှင့် လူထုကို ပြန်လည်ဒုက္ခပေးနေသည့်အတွက် အောက်ပါစစ်တပ်ထုတ်ကုန်များကို စစ်ကိုင်းတိုင်းအတွင်း စားသောက်ဆိုင်များ၊ အရက်ဘီယာဆိုင်များတွင် လုံးဝ ရောင်းဝယ်ဖောက်ကား ခြင်းမပြုကြရန် သတိပေးတားမြစ်လိုက်သည်။ အကယ်၍ ဤထုတ်ပြန်ချက်ကို (၃၀.၁၁.၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဆိုင်ပိတ်သိမ်းခြင်း စသည့် ကြီးလေးသော အပြစ်ဒဏ်များ ပေးအပ်မည်ဖြစ်ကြောင်း ထပ်ဆင့် သတိပေးလိုက်သည်။

၁။ မြန်မာဘီယာ

၂။ Adman Gold စသည့် ဘီယာများ

၃။ Ruby စီးကရက် ဆေးလိပ်

၄။ Denko ဆီဆိုင်

၅။ BOC ဆီဆိုင်

၆။ ဒဂုံဘီယာ

စစ်ကိုင်းတိုင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (SPDF)